# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်းဥပဒေ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီစနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) အမျိုးသားစီမံကိန်း ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့်အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



(၃) သစ်တောကဏ္ဍတွင် ၁.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

~~(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊~~

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ –

(၁) ကချင်ပြည်နယ်တွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃.၀ ရာခိုင်နှုန်းမှ ၂၁.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၆.၄ ရာခိုင်နှုန်းမှ ၃၇.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၀.၆ ရာခိုင်နှုန်းမှ ၄၀.၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

( င ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၇၁,၇၅၇.၉ ဘီလီယံ ဖြစ်ပေါ်ရန်၊

( စ ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှအချိုးအစားအားဖြင့် ၂၄.၉၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၅.၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၂၀,၈၀၈.၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၁,၄၈၈.၀ ဘီလီယံ တင်သွင်းရန်၊

( ဇ ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၇၇၃,၆၁၅မှ ကျပ် ၁,၉၇၈,၄၈၆ သို့ ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်သော စီမံကိန်းများနှင့်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့်လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

---

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

| ပြည်ထောင်စုလွှတ်တော်က<br>အတည်ပြုသည့်<br>ဥပဒေကြမ်း |
|---|



ပူးတွဲ-၁

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၂၀,၁၃၂,၇၁၀.၀ | ၂၄.၀ | ၂.၁ | ၂၀,၇၀၀,၉၁၅.၈ | ၂၃.၀ | ၂.၉ |
| | ၁ | လယ်ယာ | ၁၃,၅၄၃,၁၇၄.၆ | ၁၆.၁ | ၁.၇ | ၁၃,၈၅၂,၇၈၈.၈ | ၁၅.၄ | ၂.၄ |
| | ၂ | သားငါး | ၆,၅၂၁,၇၄၇.၂ | ၇.၈ | ၂.၆ | ၆,၇၇၉,၅၆၆.၇ | ၇.၅ | ၄.၀ |
| | ၃ | သစ်တော | ၆၇,၇၈၈.၂ | ၀.၁ | ၂၂.၃ | ၆၈,၅၆၀.၃ | ၀.၁ | ၁.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၂၉,၆၄၈,၈၅၃.၂ | ၃၅.၃ | ၈.၁ | ၃၂,၄၂၁,၄၇၂.၅ | ၃၅.၉ | ၉.၄ |
| | ၁ | စွမ်းအင် | ၃,၁၆၄,၄၉၉.၁ | ၃.၈ | ၀.၆ | ၃,၂၅၆,၆၃၇.၁ | ၃.၆ | ၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂,၂၆၉.၂ | ၀.၉ | -၂.၅ | ၈၆၂,၀၄၈.၅ | ၀.၉ | ၇.၅ |
| | ၃ | စက်မှုလက်မှု | ၁၉,၁၁၁,၉၉၇.၀ | ၂၂.၈ | ၉.၉ | ၂၁,၂၄၃,၂၃၉.၄ | ၂၃.၅ | ၁၁.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၈၂,၄၇၇.၀ | ၁.၅ | ၁၀.၆ | ၁,၃၁၉,၅၂၈.၂ | ၁.၅ | ၂.၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၂၈၇,၆၀၀.၈ | ၆.၃ | ၇.၄ | ၅,၇၄၀,၀၁၉.၃ | ၆.၄ | ၈.၆ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၃၄,၁၄၄,၈၉၂.၀ | ၄၀.၇ | ၈.၀ | ၃၇,၁၃၇,၆၀၅.၄ | ၄၁.၁ | ၈.၈ |
| | ၁ | ပို့ဆောင်ရေး | ၉,၈၉၇,၄၈၅.၆ | ၁၁.၈ | ၇.၉ | ၁၀,၇၇၄,၁၃၃.၂ | ၁၁.၉ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၀၇,၁၁၆.၅ | ၂.၄ | ၁၁.၉ | ၂,၃၀၇,၄၅၄.၆ | ၂.၅ | ၁၅.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၄ | ၁၅.၆ | ၃၃၃,၆၀၆.၄ | ၀.၄ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၉၇၀,၄၆၄.၅ | ၃.၅ | ၃.၉ | ၃,၁၈၈,၁၄၃.၉ | ၃.၅ | ၇.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၄၆၉,၅၀၅.၉ | ၂.၉ | ၁၀.၉ | ၂,၇၆၅,၈၄၆.၆ | ၃.၁ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၆,၄၉၄,၂၅၇.၃ | ၁၉.၇ | ၇.၆ | ၁၇,၇၆၈,၃၈၀.၇ | ၁၉.၇ | ၇.၇ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၈၃,၉၂၆,၄၅၅.၂ | ၁၀၀.၀ | ၆.၅ | ၉၀,၂၅၉,၉၉၃.၇ | ၁၀၀.၀ | ၇.၆ |

| ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း |
|---|

ပူးတွဲ-၂

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံသေဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၄၉,၇၈၁,၅၆၃.၂ | ၅၉.၃ | ၅.၆ | ၅၃,၁၃၂,၃၈၈.၃ | ၅၈.၉ | ၆.၇ |
| | ၁ | လယ်ယာ | ၁၃,၅၄၃,၁၇၄.၆ | ၁၆.၁ | ၁.၇ | ၁၃,၈၆၂,၇၈၈.၈ | ၁၅.၄ | ၂.၄ |
| | ၂ | သားငါး | ၆,၅၂၁,၇၄၇.၂ | ၇.၈ | ၂.၆ | ၆,၇၇၉,၅၆၆.၇ | ၇.၅ | ၄.၀ |
| | ၃ | သစ်တော | ၆၇,၇၈၈.၂ | ၀.၁ | ၂၂.၃ | ၆၈,၅၆၀.၃ | ၀.၁ | ၁.၁ |
| | ၄ | စွမ်းအင် | ၃,၁၆၄,၄၉၉.၁ | ၃.၈ | ၀.၆ | ၃,၂၅၆,၆၃၇.၁ | ၃.၆ | ၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၀၂,၂၆၉.၂ | ၀.၉ | -၂.၅ | ၈၆၂,၀၄၈.၅ | ၀.၉ | ၇.၅ |
| | ၆ | စက်မှုလက်မှု | ၁၉,၁၁၁,၉၉၇.၀ | ၂၂.၈ | ၉.၉ | ၂၁,၂၄၃,၂၃၉.၄ | ၂၃.၅ | ၁၁.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၈၂,၄၇၇.၁ | ၁.၅ | ၁၀.၆ | ၁,၃၁၉,၅၂၈.၂ | ၁.၅ | ၂.၉ |
| | ၈ | ဆောက်လုပ်မှု | ၅,၂၈၇,၆၁၀.၈ | ၆.၃ | ၇.၄ | ၅,၇၄၀,၀၁၉.၃ | ၆.၄ | ၈.၆ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၇,၆၅၀,၆၃၄.၇ | ၂၁.၀ | ၈.၃ | ၁၉,၃၆၉,၂၂၄.၇ | ၂၁.၄ | ၉.၇ |
| | ၁ | ပို့ဆောင်ရေး | ၉,၈၉၇,၄၈၅.၆ | ၁၁.၈ | ၇.၉ | ၁၀,၇၇၄,၁၇၃.၂ | ၁၁.၉ | ၈.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၀၇,၁၀၆.၅ | ၂.၄ | ၁၀.၉ | ၂,၃၀၇,၄၅၄.၆ | ၂.၅ | ၁၅.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၄ | ၁၅.၆ | ၃၃၃,၆၀၆.၄ | ၀.၄ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၉၇၀,၄၆၄.၅ | ၃.၅ | ၃.၉ | ၃,၀၈၈,၁၄၃.၉ | ၃.၅ | ၇.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၄၆၉,၅၀၅.၉ | ၂.၉ | ၁၀.၉ | ၂,၇၆၅,၈၄၆.၆ | ၃.၁ | ၁၂.၀ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၁၆,၄၉၄,၂၅၇.၃ | ၁၉.၇ | ၇.၆ | ၁၇,၇၆၈,၃၈၀.၇ | ၁၉.၇ | ၇.၇ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၈၃,၉၂၆,၄၅၅.၂ | ၁၀၀.၀ | ၆.၅ | ၉၀,၂၆၉,၉၉၃.၇ | ၁၀၀.၀ | ၇.၆ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၃

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၅၄၉,၅၅၄.၁ | ၁.၉ | ၃.၉ | ၁,၆၉၄,၁၇၂.၉ | ၁.၉ | ၉.၃ |
| ၂ | ကယားပြည်နယ် | ၂၈၆,၂၁၄.၀ | ၀.၃ | ၂.၁ | ၃၁၀,၀၈၀.၃ | ၀.၃ | ၈.၃ |
| ၃ | ကရင်ပြည်နယ် | ၁,၅၀၁,၈၉၀.၄ | ၁.၈ | ၈.၂ | ၁,၆၁၃,၇၉၀.၆ | ၁.၈ | ၇.၅ |
| ၄ | ချင်းပြည်နယ် | ၃၄၇,၀၂၁.၄ | ၀.၄ | ၄.၃ | ၃၇၂,၃၇၀.၂ | ၀.၄ | ၇.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၀၁၁,၁၆၄.၁ | ၁၁.၉ | ၈.၃ | ၁၀,၇၄၀,၉၂၆.၄ | ၁၁.၉ | ၇.၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၄၅၉,၀၆၀.၆ | ၄.၁ | ၂.၀ | ၃,၆၁၄,၉၀၉.၅ | ၄.၀ | ၄.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၈၃၀,၃၀၅.၉ | ၈.၁ | ၆.၁ | ၇,၃၆၂,၈၀၇.၀ | ၈.၁ | ၇.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၀၆၃,၉၉၃.၈ | ၈.၄ | ၁.၀ | ၇,၄၈၆,၄၉၅.၁ | ၈.၃ | ၆.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၀၃၇,၅၄၉.၇ | ၁၀.၈ | ၇.၅ | ၉,၇၇၁,၇၈၆.၂ | ၁၀.၈ | ၈.၁ |
| ၁၀ | မွန်ပြည်နယ် | ၃,၄၃၇,၃၂၅.၁ | ၄.၁ | ၇.၆ | ၃,၆၆၂,၉၇၉.၂ | ၄.၁ | ၆.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၈၁၃,၃၇၂.၆ | ၄.၆ | ၁၀.၀ | ၃,၉၂၃,၆၄၆.၇ | ၄.၄ | ၂.၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၀,၃၈၉,၁၄၀.၀ | ၂၄.၃ | ၉.၁ | ၂၂,၃၈၇,၁၂၅.၃ | ၂၄.၈ | ၉.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၈၅၃,၅၉၅.၆ | ၅.၈ | ၄.၆ | ၅,၂၁၆,၂၃၀.၁ | ၅.၈ | ၇.၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၅၁၈,၈၉၁.၇ | ၁၁.၃ | ၄.၆ | ၁၀,၁၀၉,၉၇၁.၆ | ၁၁.၂ | ၆.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၈၂၇,၃၇၅.၂ | ၂.၂ | ၅.၂ | ၂,၀၀၂,၇၀၂.၆ | ၂.၂ | ၉.၆ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၄

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၂၁,၆၈၃,၄၀၆.၁ | ၂၃.၀ | ၂၃,၂၃၄,၃၅၆.၈ | ၂၁.၉ | ၇.၂ |
| | ၁ | လယ်ယာ | ၁၄,၃၄၀,၂၁၆.၆ | ၁၅.၂ | ၁၅,၁၁၇,၄၈၀.၇ | ၁၄.၂ | ၅.၄ |
| | ၂ | သားငါး | ၇,၂၇၀,၅၉၃.၅ | ၇.၇ | ၈,၀၃၆,၂၉၂.၂ | ၇.၆ | ၁၀.၅ |
| | ၃ | သစ်တော | ၇၂,၅၉၆.၀ | ၀.၁ | ၈၀,၅၈၂.၉ | ၀.၁ | ၁၁.၀ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၃၄,၃၁၂,၆၇၁.၁ | ၃၆.၄ | ၃၉,၅၄၇,၂၄၀.၈ | ၃၇.၃ | ၁၅.၃ |
| | ၁ | စွမ်းအင် | ၃,၆၀၅,၇၈၇.၉ | ၃.၈ | ၃,၈၅၂,၆၀၇.၇ | ၃.၆ | ၆.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၄,၃၄၉.၂ | ၀.၉ | ၉၆၆,၀၉၇.၁ | ၀.၉ | ၁၁.၈ |
| | ၃ | စက်မှုလက်မှု | ၂၂,၅၄၃,၉၂၁.၆ | ၂၃.၉ | ၂၆,၅၂၂,၁၁၉.၁ | ၂၅.၀ | ၁၇.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၂၉၆,၆၉၉.၁ | ၁.၄ | ၁,၃၃၃,၃၈၂.၁ | ၁.၃ | ၂.၈ |
| | ၅ | ဆောက်လုပ်မှု | ၆,၀၀၁,၉၁၃.၃ | ၆.၄ | ၆,၈၇၃,၀၃၄.၈ | ၆.၅ | ၁၄.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၃၈,၂၇၅,၁၁၁.၉ | ၄၀.၆ | ၄၃,၃၀၄,၇၃၈.၂ | ၄၀.၈ | ၁၃.၂ |
| | ၁ | ပို့ဆောင်ရေး | ၁၀,၃၄၆,၄၇၁.၅ | ၁၁.၀ | ၁၁,၄၉၁,၇၇၃.၄ | ၁၀.၈ | ၁၁.၁ |
| | ၂ | ဆက်သွယ်ရေး | ၁,၈၉၁,၂၁၁.၄ | ၂.၀ | ၂,၃၀၇,၄၅၄.၆ | ၂.၂ | ၂၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၃ | ၃၃၃,၆၀၆.၄ | ၀.၃ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၂၁၉,၈၂၂.၆ | ၃.၄ | ၃,၆၁၁,၅၈၀.၂ | ၃.၄ | ၁၂.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၉၂၁,၉၄၀.၀ | ၃.၁ | ၃,၄၃၄,၉၆၆.၇ | ၃.၂ | ၁၇.၆ |
| | ၆ | ကုန်သွယ်မှု | ၁၉,၅၈၉,၆၀၄.၂ | ၂၀.၈ | ၂၂,၁၃၅,၃၅၆.၉ | ၂၀.၉ | ၁၃.၀ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၉၄,၂၇၁,၁၈၉.၁ | ၁၀၀.၀ | ၁၀၆,၀၉၆,၃၃၅.၈ | ၁၀၀.၀ | ၁၂.၅ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

ပူးတွဲ-၅

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၅၅,၉၉၆,၀၇၃.၂ | ၅၉.၄ | ၆၂,၇၈၁,၅၉၇.၆ | ၅၉.၂ | ၁၂.၁ |
| | ၁ | လယ်ယာ | ၁၄,၃၄၀,၂၁၆.၆ | ၁၅.၂ | ၁၅,၁၁၇,၄၈၁.၇ | ၁၄.၂ | ၅.၄ |
| | ၂ | သားငါး | ၇,၂၇၀,၅၉၃.၅ | ၇.၇ | ၈,၀၃၆,၂၉၂.၂ | ၇.၆ | ၁၀.၅ |
| | ၃ | သစ်တော | ၇၂,၅၉၆.၀ | ၀.၁ | ၈၀,၅၈၂.၉ | ၀.၁ | ၁၁.၀ |
| | ၄ | စွမ်းအင် | ၃,၆၀၅,၇၈၇.၉ | ၃.၈ | ၃,၈၅၂,၆၀၇.၇ | ၃.၆ | ၆.၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၄,၃၄၉.၂ | ၀.၉ | ၉၆၆,၀၉၇.၁ | ၀.၉ | ၁၁.၈ |
| | ၆ | စက်မှုလက်မှု | ၂၂,၅၄၃,၉၂၁.၆ | ၂၃.၉ | ၂၆,၅၂၂,၁၁၉.၁ | ၂၅.၀ | ၁၇.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၂၉၆,၆၉၉.၁ | ၁.၄ | ၁,၃၃၃,၃၈၂.၁ | ၁.၃ | ၂.၈ |
| | ၈ | ဆောက်လုပ်မှု | ၆,၀၀၁,၉၁၃.၃ | ၆.၄ | ၆,၈၇၃,၀၃၄.၈ | ၆.၅ | ၁၄.၅ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၈,၆၈၅,၅၀၇.၇ | ၁၉.၈ | ၂၁,၁၇၉,၃၈၁.၃ | ၁၉.၉ | ၁၃.၃ |
| | ၁ | ပို့ဆောင်ရေး | ၁၀,၃၄၆,၄၇၁.၅ | ၁၁.၀ | ၁၁,၄၉၁,၇၇၃.၄ | ၁၀.၈ | ၁၁.၁ |
| | ၂ | ဆက်သွယ်ရေး | ၁,၈၉၁,၂၁၁.၄ | ၂.၀ | ၂,၃၀၇,၄၅၄.၆ | ၂.၂ | ၂၂.၀ |
| | ၃ | ငွေရေးကြေးရေး | ၃၀၆,၀၆၂.၂ | ၀.၃ | ၃၃၃,၆၀၆.၄ | ၀.၃ | ၉.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၂၁၉,၈၂၂.၆ | ၃.၄ | ၃,၆၁၁,၅၈၀.၂ | ၃.၄ | ၁၂.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၉၂၁,၉၄၀.၀ | ၃.၁ | ၃,၄၃၄,၉၆၆.၇ | ၃.၂ | ၁၇.၆ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၁၉,၅၈၉,၆၀၄.၂ | ၂၀.၈ | ၂၂,၁၃၅,၃၅၆.၉ | ၂၀.၉ | ၁၃.၀ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၉၄,၂၇၁,၁၈၉.၁ | ၁၀၀.၀ | ၁၀၆,၀၉၆,၃၃၅.၈ | ၁၀၀.၀ | ၁၂.၅ |

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း



ပူးတွဲ-၆

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏

စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၇၃၃,၅၆၀.၉ | ၁.၉ | ၁,၉၈၄,၈၁၆.၄ | ၁.၉ | ၁၄.၅ |
| ၂ | ကယားပြည်နယ် | ၃၁၆,၇၄၀.၈ | ၀.၃ | ၃၆၀,၁၂၈.၄ | ၀.၃ | ၁၃.၇ |
| ၃ | ကရင်ပြည်နယ် | ၁,၆၈၄,၀၈၆.၇ | ၁.၈ | ၁,၈၈၆,၃၀၄.၃ | ၁.၈ | ၁၂.၀ |
| ၄ | ချင်းပြည်နယ် | ၃၈၇,၆၁၅.၂ | ၀.၄ | ၄၃၆,၆၅၃.၄ | ၀.၄ | ၁၂.၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁,၂၀၉,၆၇၃.၉ | ၁၁.၉ | ၁၂,၆၆၆,၃၀၉.၅ | ၁၁.၉ | ၁၃.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၉၅၁,၇၉၂.၇ | ၄.၂ | ၄,၃၁၁,၈၃၅.၃ | ၄.၁ | ၉.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၆၆၂,၉၂၈.၀ | ၈.၁ | ၈,၅၇၂,၃၁၆.၃ | ၈.၁ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၇၇၁,၇၆၇.၆ | ၈.၃ | ၈,၆၄၅,၈၇၃.၆ | ၈.၂ | ၁၁.၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀,၁၁၄,၈၄၆.၄ | ၁၀.၇ | ၁၁,၄၂၁,၄၀၃.၈ | ၁၀.၈ | ၁၂.၉ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၈၆,၈၂၂.၀ | ၄.၀ | ၄,၁၈၈,၂၉၁.၁ | ၃.၉ | ၁၀.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၂၅၇,၈၀၅.၈ | ၄.၅ | ၄,၄၃၀,၂၉၈.၁ | ၄.၂ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၄၆၄,၁၄၈.၅ | ၂၄.၉ | ၂၇,၁၄၂,၉၀၇.၄ | ၂၅.၆ | ၁၅.၇ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၄၈၄,၈၁၇.၆ | ၅.၈ | ၆,၁၈၅,၃၉၂.၂ | ၅.၈ | ၁၂.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၄၄၁,၅၆၉.၄ | ၁၁.၁ | ၁၁,၅၈၃,၁၆၀.၆ | ၁၀.၉ | ၁၀.၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၀၃,၀၁၂.၆ | ၂.၁ | ၂,၂၇၉,၆၄၅.၄ | ၂.၁ | ၁၃.၈ |

| ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း |
|---|



ပူးတွဲ-၇

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

## ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၇,၂၁၉,၀၇၇.၂ | ၂၄.၃၇ | ၈,၂၈၆,၁၈၀.၉ | ၂၄.၉၉ |
| ၂ | သမဝါယမပိုင် | ၃,၉၈၄.၄ | ၀.၀၁ | ၄,၆၆၁.၃ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၂,၄၀၅,၂၆၁.၅ | ၇၅.၆၂ | ၂၄,၈၆၅,၀၉၆.၁ | ၇၅.၀၀ |
| | စုစုပေါင်း | ၂၉,၆၂၈,၃၂၃.၁ | ၁၀၀.၀၀ | ၃၃,၁၅၅,၉၃၈.၃ | ၁၀၀.၀၀ |